# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 3, 2020 | Volume 27, Number 2


၃.၁.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၄၂/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၀၀၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၇၇/- ကျပ် |
| CBM Rate | = ၁၄၆၆.၁ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၃၄.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၈၆.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၀.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၅၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၁၈.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၀.၃၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၄၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၇.၄၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၆၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ဆေးဝါးဆိုင်ရာ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ကို (၂၀၂၀)ခုနှစ်အတွင်း အကောင်အထည်ဖော်မည်




ဆေးဝါးဆိုင်ရာလုပ်ငန်းများအတွက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်နိုင်ရန် ၂၀၂၀ ခုနှစ်အတွင်း အကောင်အထည်ဖော်သွားမည်ဟု ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ မူပိုင်ခွင့်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မိုးမိုးသွယ်က ဆိုသည်။ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ညဏပစ္စည်းဆိုင်ရာ အဖွဲ့(WIPO)မှာ (၂၀၀၁) ခုနှစ်မှာ ဝင်ရောက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ မူပိုင်ခွင့်ဥပဒေများကို လိုက်နာဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ဒေါက်တာ ဒေါ်မိုးမိုးသွယ်ကဆိုသည်။ "လက်ရှိ ကုန်အမှတ်တံဆိပ်ပိုင်ရှင်တွေဟာဆိုရင် အခုမြန်မာနိုင်ငံရဲ့ဈေးကွက်ထဲမှာ first to use systemကို အသုံးပြုနေတယ် ကုန်ပစ္စည်းအတွက်ကော သုံးစွဲသူအတွက်ကော ကာကွယ်မှုမရှိဘူး အခုမူပိုင်ခွင့်ဥပဒေမှာတော့ အသုံးပြုတဲ့သူတွေကြား ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နဲ့ ပတ်သက်ပြီး အငြင်းပွားမှုတွေပေါ်လာမယ်ဆိုရင်တော့ ဦးစွာအသုံးပြုတဲ့လူက အခွင့်အရေးပိုရရှိမှာ ဖြစ်ပါတယ်"ဟု ဒေါ်မိုးမိုးသွယ်ကဆိုသည်။

လက်ရှိ ဈေးကွက်တွင်ရှိနေသော ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းများ အနေ ဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ကို ကမ္ဘာ့ညဏပစ္စည်းဆိုင်ရာအဖွဲ့၏ Ipass online စနစ်နှင့် အွန်လိုင်းမှတ်ပုံတင်မှုကို လက်ခံသွားမည်ဖြစ်ပြီး အဆိုပါစနစ်နှင့် အကျွမ်း တဝင် မရှိသေးသောသူများအတွက် မူပိုင်ခွင့်ရုံးရှိ လက်ခံကောင်တာများတွင် ကူညီဆောင်ရွက်ပေးသွားမည်ဟုသိရသည်။ AIDS ဝေဒနာရှင်များ တစ်သက်စာ သောက်သုံးရသည့် ARTဆေးဝါးများကိုမူ တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ (၂၀၃၃)ခုနှစ်အထိ မူပိုင်ခွင့်တင်ရန် ဖြေလျှော့ပေးထားသည်။

မြန်မာနိုင်ငံရှိ ဆေးဝါးများ၏ (၈၅)ရာခိုင်နှုန်းမှာ ပြည်ပမှာ တင်သွင်းနေရပြီး မူပိုင်ခွင့်ဥပဒေပေါ်ပေါက်လာတဲ့အခါ ပြည်တွင်းမှာရှိသည့် နိုင်ငံသားပိုင် ဆေးဝါးနှင့်

ပတ်သတ်သည့် ကုန်ပစ္စည်းများလည်း ပိုမိုဈေးကွက်တွင်ကျယ်လာနိုင်သည်ဟု မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းမှဥက္ကဋ္ဌ ဦးဇော်မိုးခိုင်ကဆိုသည်။ “Brandမူပိုင်ခွင့်က လက်ရှိမှာတော့ ဥပဒေသီးသန့်တစ်ရပ်ရယ်လို့တော့ မရှိသေးဘူး အခုမှစပြီးပြဌာန်းထားတာပေါ့လေ။ နိုင်ငံတကာ မူပိုင်ခွင့်ဥပဒေတွေရှိလာတဲ့အခါမှာ ဈေးကွက်တွေမှာ ကိုယ့် Brand တည်ဆောက်တဲ့အခါမှာ မိမိတည်ဆောက်တဲ့ Brandကို အကာအကွယ်တွေလည်း ပိုမိုရရှိလာမှာဖြစ်ပါတယ်”ဟု ဦးဇော်မိုးခိုင်က ဆိုသည်။

လက်ရှိမှာ ပြည်ထောင်စုလွှတ်တော်က ၂၀၁၉ ခုနှစ်အတွင်း စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့် ဥပဒေ၊ စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကို အတည်ပြုထားပြီး ၂၀၂၀နှစ်ဆန်းပိုင်းမှာ မူပိုင်ခွင့်ရုံးတွေကို ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်သွားမယ်လို့ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ဆေးလုပ်ငန်း ဈေးကွက်အတွင်း မျှတသော ယှဉ်ပြိုင်မှုစနစ်ကို အကောင်အထည်ဖော်နိုင်ရေးနှင့် စားသုံးသူတွေအတွက် အတုအပကင်းကာ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ဆေးဝါးဆိုင်ရာလုပ်ငန်းရှင်များက မျှော်လင့်နေကြသည်။

**Source:** http://www.mizzimaburmese.com/article/65146

## တရုတ်အစိုးရ ခွင့်ပြုမိန့်မပေးသေး၍ မူဆယ်မှဆန်တင်ပို့မှု ရပ်ဆိုင်းနေ

တရုတ်အစိုးရက ခွင့်ပြုမိန့်မပေးသေး၍ ယခုရက်ပိုင်းမူဆယ်နယ်စပ်မှ ဆန်တင်ပို့မှုရပ်ဆိုင်းထားရကြောင်း မူဆယ်ဆန် ကုန်စည်ဒိုင်အသင်းဝင်အချို့ကပြောသည်။ ယူနန်ပြည်နယ်အစိုးရခွင့်ပြုမိန့်ဖြင့် ၂၀၁၉ နှစ်ကုန်အထိ မူဆယ်နယ်စပ်မှ တစ်ပတ်လျှင် ဆန်တန်ချိန်နှစ်ထောင်ခန့် တင်ပို့နိုင်ခဲ့သည်။ တရားမဝင်ကုန်သွယ်မှုတားဆီးရေး ဆောင်ရွက်နေသော တရုတ်အစိုးရသည် နယ်စပ်မှဆန်အပါအဝင် သွင်းကုန်များကိုတားဆီးပြီး ပြည်နယ်များ၌လိုအပ်ချက်အရ ကုန်ပစ္စည်းကဏ္ဍအလိုက်ပါမစ် (ကန့်သတ်ခွင့်ပြုမိန့်) များဖြင့် တင်သွင်းခွင့်ပြုခဲ့သည်။ တရုတ်အစိုးရ ခွင့်ပြုမိန့်သည် ၂၀၁၉ တွင် ဇန်နဝါရီလ ကုန်ပိုင်းက စတင်ပြီး ဒီဇင်ဘာနှစ် ကုန်ချိန်၌ သက်တမ်းကုန်ဆုံးသည်။ “ဒီနှစ်မှာ ပါမစ်ချထားပေးတဲ့ ပမာဏပိုများမယ်လို့ မျှော်လင့်ရတာပဲ” ဟု ဆန်ကုန်သည်ဦးမင်းသိန်းကပြောသည်။ ယခုနှစ်တွင် ဆန်နှင့်ပတ်သက်သောသွင်းကုန် ခွင့်ပြုချက်တန်ချိန်ကို ယူနန်အစိုးရက ပိုမိုခွင့်ပြုနိုင်မည်ဟု ဆန်ကုန်သည်များက မျှော်လင့်နေသည်ဟု ၎င်းကပြောသည်။

၂၀၁၉ တွင်နယ်စပ်မှတရုတ် အစိုးရ သွင်းကုန်ခွင့်ပြုမိန့်ဖြင့် မြန်မာနိုင်ငံမှ ဆန်တန်ချိန်တစ်သိန်းကျော် တင်ပို့ရောင်းချနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်း တရုတ်၊ ထိုင်း၊ အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၈ ခုဖွင့်ထားပြီး မူဆယ်၊ ရွှေလီနယ်စပ်ကုန်သွယ်ရေးက နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုအများဆုံးဖြစ်သည်။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် နှစ်လခွဲကျော်အတွင်း အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ် ရေးစုစုပေါင်းကန်ဒေါ်လာ ၂ ဒသ မ ၄ ဘီယံကျော် ကုန်သွယ်ထားပြီး မူဆယ်၊ ရွှေလီနယ်စပ်ကုန်သွယ်ရေးက ၁ ဒသမ ၂ ဘီလီယံ ကျော်တန်ဖိုးရှိသည်။

**Source:** https://7day.news174969

## ဒေါ်လာဈေး ဆက်တိုက်ကျဆင်း

ဇန်နဝါရီ ၂ ရက်၌ ဗဟိုဘဏ်က ဒေါ်လာသုံးသန်းဝယ်ယူသော်လည်း ပြင်ပပေါက်ဈေးတွင် တစ်ဒေါ်လာကျပ် ၁,၄၈၀ အောက်သို့ ဆက်တိုက်ကျဆင်းနေကြောင်း ပြည်တွင်းငွေကြေးဈေးကွက်မှသိရသည်။ ဒေါ်လာဈေးဆက်တိုက်ကျဆင်းခြင်း ကြောင့် ဗဟိုဘဏ်က ဒီဇင်ဘာအတွင်း ဒေါ်လာ ၂၇ သန်းဝယ်ယူပြီး ၂၀၂၀ နှစ်ဆန်းပိုင်းတွင် ဆက်လက်ဝယ်ယူနေသည်။ ဇန်နဝါရီ ၂ ရက်က တစ်ဒေါ်လာ ၁၄၇၉ ကျပ်ရှိပြီး ဗဟိုဘဏ်က တစ်ဒေါ်လာလျှင် ၁၄၇၄ ကျပ်ဖြင့်ဝယ်ယူ သည်။ ပြည်တွင်း ဘဏ်များက ပြည်တွင်းဈေးကွက်အတွင်း အ ရောင်းအဝယ်သည် ဇန်နဝါရီ ၂ ရက်တွင် ဒေါ်လာ ၆ ဒသမ ၈ သန်းရှိပြီး ၂၀၁၉ ဒီဇင်ဘာတွင် တစ်ရက်လျှင် ဒေါ်လာသန်း ၆၀ ခန့်ရှိခဲ့သည်။ “ဒီဇင်ဘာ၊ ဇန်နဝါရီလများဟာ ဒေါ်လာဈေးပုံမှန်ကျလေ့ရှိတယ်။ မြန်မာဘက်မှာလည်း ပိတ်ရက် သိပ်များသွားတယ်” ဟု စီးပွားရေးလုပ်ငန်းရှင်ဦးမင်းကိုဦးကပြောသည်။ ကျပ်ငွေ တန်ဖိုး မြင့်တက်ခြင်းကြောင့် သွင်းကုန်လုပ်ငန်းရှင်များအတွက် အဆင်ပြေနိုင်သော်လည်း ပို့ကုန်လုပ်ငန်းရှင်များအတွက် အရှုံးရှိနိုင် သည်ဟု ၎င်းကဆိုသည်။ သို့သော် ကျပ်ငွေတန်ဖိုးမြင့်တက်ခြင်းသည် ကောင်းမွန်သည့်အနေအထားဖြစ်သည်ဟု ၎င်းက

မှတ်ချက်ပေးသည်။ တရုတ်နိုင်ငံတွင် ပိတ်ရက်များရှိနေသေး၍ မြန်မာ-တရုတ် ကုန်သွယ်မှု၌ သက်ရောက်မှုရှိနေဦးမည်ဟု ၎င်းကဆိုသည်။ တစ်ဒေါ်လာလျှင် ကျပ် ၁၅၀၀ အထက် အချိန်ကြာမြင့်စွာ တည်ရှိနေသည့် ဒေါ်လာဈေးသည် ၂၀၁၉ ဒီဇင်ဘာ ၂၀ ရက် နောက်ပိုင်းတွင် တစ်ဒေါ်လာ ကျပ် ၁၅၀၀ အောက်သို့ ပြန်လည်ကျဆင်းခဲ့သည်။

**Source:** https://7day.news/174968

## ကွမ်းရွက်ဈေး နှစ်ဆမြင့်တက်လာ



ယခု ဒီဇင်ဘာလအတွင်း ကွမ်းရွက်ဈေးနှုန်းများ နှစ်ဆတက်လာသဖြင့် မကွေးမြို့နယ်ရှိ ကွမ်းလက်လီရောင်းချရသည့်ဆိုင်များနှင့် ကွမ်းယာဆိုင်များ တွက်ခြေမကိုက်ဖြစ်လာကြောင်း အရောင်းဆိုင်များ ထံမှသိရသည်။ မန္တလေးတိုင်းဒေသကြီး မတ္တရာ၊ ကျောက်ဆည်၊ တံတားဦးမြို့နယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ ရေဦး၊ အရာတော်၊ မုံရွာ၊ ချောင်းဦးနှင့်မြင်းမူမြို့နယ်များက ကွမ်းနုဝါများ ထွက်ရှိပြီး ရန်ကုန်၊ ဟင်္သာတ၊ ပန်းတနော်စသည့် မြို့နယ်များက ကွမ်းရွက်စိမ်းများနှင့် ကွမ်းသီးများထွက်ရှိသဖြင့် မကွေးမြို့နယ်က ကွမ်း၊ ကွမ်းသီးအရောင်းဆိုင်များက မှာယူရောင်းရကြောင်း ရောင်ခြည်ဦးကွမ်း၊ ကွမ်းသီးနှင့်ကွမ်းယာပစ္စည်းရောင်းချသည့် ဦးလှမင်းကပြောသည်။ "ကွမ်းရွက်ဈေးက ဒီဇင်ဘာလ ဒုတိယပတ်ထဲမှ ထက်ဝက်တက်လာတာ။ အောက်တိုဘာလနဲ့ နိုဝင်ဘာလက ကွမ်းဈေးက ပုံမှန်ဈေးပဲရှိတယ်။ ရာသီဥတု အေးလာပြီးကွမ်းရွက် အထွက်နည်းလို့ ဈေးတက်လာတာဖြစ်တယ်လို့သိရတယ်။ ရာသီဥတုအေးတဲ့နှစ်ဆိုရင် ကွမ်းဈေးတက်ပြီး အအေးခေတ်ကုန်မှ ကွမ်းဈေးက ပြန်ကျတာရှိတယ်" ဟု ဦးလှမင်းက ပြောသည်။

ယခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလအတွင်းက ကွမ်းရွက်တစ်ပိဿာဈေးမှာ ကျပ် ၄၀၀၀ မှ ၅၀၀၀ သာရှိပြီး ဒီဇင်ဘာလတွင် တစ်ပိဿာ ကျပ် ၆၀၀၀ မှ ကျပ် ၁၁၀၀၀ အထိ ဈေးထက်ဝက်တက်သွားကြောင်း၊ ကွမ်းသီးတစ်ပိဿာလျှင် ကျပ်၇၅၀၀ ဖြင့် ပုံမှန်ဈေးဖြစ်ကြောင်းသိရသည်။ မကွေးမြို့၊ သစ္စာလမ်းမှ ကွမ်းယာဆိုင်ပိုင်ရှင် အမျိုးသမီးတစ်ဦးက "ကွမ်းရွက်ဈေးက ထက်ဝက်ဈေးတက်တော့ ကွမ်းယာရောင်းရတာ တွက်ခြေမကိုက်ဘူး။ကွမ်းသီးဈေး ပုံမှန်ဖြစ်ပေမယ့် ကျန်တဲ့ကွမ်းယာ သုံးပစ္စည်းတွေကလည်း ဈေးတက်ဝယ်ရတယ်။ ကွမ်း ကျပ် ၂၀၀ ဖိုး ငါးယာကနေ လေးယာရောင်းတော့ စားသုံးသူကလည်း ပုံမှန်ထက်နည်းလာတယ်"ဟုပြောသည်။ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးက လာသည့် ကွမ်းရွက်စိမ်း မှာတစ်ပိဿာ ကျပ် ၁၃၀၀၀ ခန့်ရှိပြီး ကွမ်းနုဝါဈေးထက် ဈေးပိုပေး၍ ဝယ်ကြရသည်။ မြန်မာနိုင်ငံတွင် အအေးခေတ်ပိုသည့် ဆောင်းရာသီ အအေးပိုချိန်တွင် ကွမ်းနွယ်များမှာအတက်နှေးခြင်း၊ ကွမ်းရွက်များပိုးကျခြင်း၊ ကွမ်းစိုက်ပျိုးရေးတွင် ကွမ်းရွက်ပိုထွက်ရန် ဆေးသုံးရသည့်အခါ ကွမ်းရွက်အထွက်နှုန်းထက် ဆေးဖိုးပိုမိုကုန်ကျခြင်းနှင့် ကွမ်းရွက်ခူးရသည့်အခါ အလုပ်သမားခကုန်ကျခြင်းတို့ကြောင့် ကွမ်းစိုက်တောင်သူများမှာလည်း တွက်ခြေမကိုက်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ကွမ်းစိုက်ဧကပေါင်း ၁၂၀ ခန့်ရှိပြီး တောင်တွင်းကြီး၊ မြို့သစ်၊ စလင်း၊ ဆင်ဖြူကျွန်း မြို့နယ်တို့တွင် ကွမ်းစိုက်ပျိုးခြင်းများ အောင်မြင်လာသော်လည်း အဆိုပါမြို့နယ်များက ထွက်ရှိသည့် ကွမ်းရွက်များမှာ စားသုံးသူအကြိုက်နည်းခြင်း၊ ကွမ်းရွက်မှာကြွပ်ဆတ်ခြင်းတို့ကြောင့် ကွမ်းယာအရောင်းဆိုင်များ သုံးစွဲမှုနည်းကြောင်း သိရသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/news/8538278

## မန္တလေးခရိုင်အတွင်း ပဲဆီသန့်ရောင်းချမှုမှာ ယခုနှစ် ဆောင်းရာသီကာလအတွင်း၌ ယခင်နှစ်ကထက် ၁၀ ရာခိုင်နှုန်း ကျဆင်းနေ




ဆောင်းတွင်းပိုင်း အရမ်းအေးသည့်အချိန်တွင် ယခင်နှစ်များက ဈေးကွက်အတွင်းတွင် ယှဉ်ပြိုင်ရောင်းခ ျနေရသည့် စားအုန်းဆီ အေးခဲမှုကြောင့် ပဲဆီသန့်၊ နေကြာဆီ၊ နှမ်းဆီ ရောင်းချမှုသည် ရာခိုင်နှုန်း ၃၀ ကျော်ရှိပြီး ယခုနှစ်တွင် မန္တလေးခရိုင်အတွင်းရှိ ဆီစက်များက ပဲဆီသန့်ရောင်းချမှုသည် ယခုနှစ် ဆောင်းတွင်း၌ ယခင်နှစ်ကထက်ရောင်းချမှု ၁၀ ရာခိုင်နှုန်း ကျဆင်းနေသည်ဟု မန္တလေးခရိုင်ဆီစက်လုပ်ငန်းရှင်များ အသင်းထံမှသိရသည်။

"ထုတ်လုပ်မှုအပိုင်းအရ FDA တွေ ရအောင်လုပ်ပြီး ဆီစက်တွေ ဆီသန့်တွေ ထုတ်လုပ်ကြပေမဲ့ ဈေးကွက်ထဲမှာက စားအုန်းဆီတွေနဲ့ ယှဉ်ပြိုင်ရောင်းနေရတာ အခုနောက်ပိုင်း စားအုန်းဆီတွေက စားအုန်းဆီအနေနဲ့မလာဘဲ ဟင်းရွက်ဆီတွေအနေနဲ့ ရောင်းချကြတယ်။ သူတို့က ဈေးချရောင်းချတော့ ကျွန်မတို့ ပဲဆီသန့်ရောင်းချသူတွေ အရောင်းအဝယ်ပါးကြတယ်။ ကျန်းမာရေး တကယ်လိုက်စားတဲ့သူတွေပဲ စားသုံးကြတာဆိုတော့ ဆီစက်ထွက်လာတဲ့ ကုန်တွေတော့ အကုန်မရောင်းဘူး။ မှန်မှန်လေး စက်လည် ပတ်လိုက် နားလိုက် ပစ္စည်းကုန်သွားရင် ပြန်လည်ပတ်လိုက် အဲလိုပဲ ဆီစက်တွေက လည်ပတ်နေရတာပါ။ အရင်တုန်းက မန္တလေးမှာ ဆီစက် ၂၀၀ ကျော်လောက်ရှိတယ်။ အရောင်းအဝယ်မကောင်းလို့ နားတဲ့စက်တွေ များသွားတယ် အခုဆို ဆီစက် ၅၀ ကျော် လည်ပတ်နေပြီး FDA ရအောင်လျှောက်တဲ့ ပဲဆီသန့်စက်က ၂၀ ကျော်လောက် ရှိနေပါတယ်။

ဆီစက်လုပ်ငန်းတွေ ရေရှည်ရပ်တည်နိုင်ပြီး ပြည်သူတွေ ကျန်းမာရေးညီညွတ်တဲ့ အစားအသောက်တွေဖြစ်စေချင်ပြီး ထိုက်သင့်တဲ့ ဆီစက်ဈေးနှုန်းရောင်းမယ်။ ပြည်ပတင်သွင်းလာတဲ့ စားအုန်းဆီတွေကို ဟင်းရွက်ဆီအနေနဲ့ တင်သွင်းမှုကို အမှန်အကန်ဖြစ်ပြီး ထိန်းသိမ်းစေချင်ပါတယ်။ အရင်တုန်းက အခုလို ဆောင်းတွင်းဆို ဆီစက်တွေက နေကြာဆီ၊ ပန်းနှမ်းဆီ၊ ပဲဆီတို့ကို အခုချိန်မှာ ရောင်းချရကြတယ်။ ဒီနှစ်အနေအထားဆို ရာသီဥတုအေးပေမဲ့ ဆီရောင်းချမှုက ၁၀ ရာခိုင်နှုန်းလောက် ထပ်ကျဆင်းသွားတယ်။ အရင်နှစ်တွေက ၂၀ ရာခိုင်နှုန်းလောက် ရောင်းရတယ်။ ဈေးကွက်ထဲမှာက စားအုန်း ဆီတွေက အရင်လို့ မခဲတော့ဘူး။ဈေးကွက်ထဲ ရောင်းချနေတဲ့ ဆီတွေက အဲဒါကြောင့် ပဲဆီရောင်းချနိုင်မှု ကျဆင်းနေတာ" ဟု မန္တလေးခရိုင် ဆီစက်လုပ်ငန်းရှင်များအသင်းမှ ဒေါ်နုနုတင် (စာရင်းစစ်)က ပြောကြားသည်။

စားသုံးသူ ပြည်သူများ သန့်ရှင်းလတ်ဆတ်ပြီး စင်ကြယ်သည့် ကုန်ချောများကို စားသုံးနိုင်ရန်အတွက် မန္တလေး ခရိုင်အတွင်းရှိ ဆီစက်များ FDA လက်မှတ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း မန္တလေးခရိုင် ဆီစက်ပိုင်ရှင်များ အသင်းက သိရသည်။

စာသုံးဆီဈေးကွက်အတွင်းတွင် ပဲဆီစစ်စစ်ရရှိရန်လိုကြောင်း၊ ဈေးနှုန်းချိုသည့် ပြည်ပမှတင်သွင်းသည့် စားအုန်းဆီများ ရောနှောဆီများကိုသာ အဓိကထားသုံးစွဲနေခြင်းကြောင့် ပြည်တွင်းဆီစက်လုပ်ငန်းရှင်များ ရေရှည်ရပ်တည်ရန် အခက်အခဲ များစွာဖြင့် ယှဉ်ဆိုင်နေရကြောင်း သိရသည်။

**Source:** https://news-eleven.com/article/152393

## သီလဝါအထူးစီးပွားရေးဇုန်တွင် တိုယိုတာ၊ ဆူဇူကီးစသည့်ကုမ္ပဏီကြီးများအပြင် ဆေးဝါးနှင့်လျှပ်စစ်ဆိုင်ရာကုမ္ပဏီများပါ ဝင်ရောက်မြှုပ်နှံလျက်ရှိပြီး ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရေး စက်မှုဇုန်များတည်ထောင်ပေးနေဟုဆို

လက်ရှိအချိန်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ ကုမ္ပဏီကြီးများ ဝင်ရောက်မြှုပ်နှံလျက်ရှိကြောင်း၊ ဂျပန်နိုင်ငံမှ တိုယိုတာ၊ ဆူဇူကီး စသည့်ကုမ္ပဏီကြီးများအပြင် ဆေးဝါး၊ လျှပ်စစ်နှင့်ဆိုင်သည့်ကုမ္ပဏီများလည်းဝင်ရောက်လာကြောင်း၊ စီးပွားရေး တိုးတက်မှုနှင့်အတူ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လာအောင် စက်မှုဇုန်များ တည်ထောင်ပေး နေကြောင်း




မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ဥက္ကဋ္ဌ ဦးသောင်းထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြပွဲများကျင်းပကာ ဖိတ်ခေါ် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ သီလဝါအထူးစီးပွားရေးဇုန်၌ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၅ သန်းကျော် ခွင့်ပြုပေးမှုအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် နှစ်လခွဲအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁ ဒသမ ၁၄၈ ဘီလျံကျော် ဝင်ရောက်မြှုပ်နှံထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဒီဇင်ဘာ ၁၇ ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှသိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၉) အား ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်းနှစ်ခု၊ အတည်ပြုလုပ်ငန်း ၁၅ ခု ခွင့်ပြုခဲ့သည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အဆိုပြုလုပ်ငန်းနှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုမှ အတည်ပြုလုပ်ငန်း ၁၁ ခုနှစ် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းလေးခုခွင့်ပြုခဲ့သည်။ အဆိုပါအစည်းအဝေးကာလအတွင်း စုစုပေါင်းလုပ်ငန်း ၁၇ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၈၄ ဒသမ ၁၇၁ သန်းကို ခွင့်ပြုအတည်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၈၅၃၈ ဦးကို ဖန်တီးပေးမည်ဖြစ်သည်။ ခွင့်ပြု/အတည်ပြု လုပ်ငန်း ၁၇ ခုမှာ လျှပ်စစ်ကဏ္ဍမှတစ်ခု၊ အိမ်ရာအဆောက်အအုံကဏ္ဍမှတစ်ခုနှင့် စက်မှုကဏ္ဍမှ ၁၅ ခုဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၄ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုအတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅၇ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၀၈၇ ဒသမ ၇၄၃ သန်း ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၁၁၃၃ ဒသမ ၃ သန်း ဖြစ်သည်။ အထူးစီးပွားရေးဇုန်ဥပဒေအရ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက် မှ ဒီဇင်ဘာ ၁၄ ရက်အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၅ ဒသမ ၂၀၃ သန်း ဖြစ်သည်။ ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၄ ရက်အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၄၈ ဒသမ ၅၀၃ သန်း ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသိရသည်။ နှစ်ပေါင်း ၃၀ နှစ်အတွင်း မြန်မာနိုင်ငံအတွင်းသို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ အိမ်ခြံမြေကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ သတ္တုတွင်းကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုဇုန်လုပ်ငန်းကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့်အခြားဝန်ဆောင်မှုကဏ္ဍစသည့်ကဏ္ဍ ၁၁ ခုသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဓိက ဝင်ရောက်ထားခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/152340

## ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ်ဖြစ်မှု ဒီဇင်ဘာလတွင် ထပ်မံကျဆင်းပြီး ကျပ်သိန်း ၇၉၀၀ ကျော်သာ အရောင်းအဝယ်ဖြစ်ပေါ်




ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ်ဖြစ်မှုမှာ ဒီဇင်ဘာလတွင် ထပ်မံကျဆင်းခဲ့ပြီး ကျပ်သိန်း ၇၉၀၀ ကျော်သာ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ လအလိုက်ဖြစ်ပေါ်သည့် ဈေးကွက်အရောင်းအဝယ်ဖြစ်မှုများမှသိရသည်။ ၂၀၁၉ ခုနှစ် မေလမှ အောက်တိုဘာလအထိ လစဉ်ကျပ် တစ်ဘီလျံကျော် အထက် အရောင်းအဝယ် ဖြစ်ပေါ်နေသည့် ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ်ဖြစ်မှုမှာ နိုဝင်ဘာတွင် ကျပ်

၉၉၂၆ သိန်းသို့ ပြန်လည်ကျဆင်းခဲ့ပြီးနောက် ဒီဇင်ဘာတွင် ကျပ် သိန်း ၇၉၄၀ ကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးကွက်ကျဆင်းမှု ဆက်လက်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ကာလရှည်ကြာအရောင်းအဝယ် ကျဆင်းမှုဖြစ်ပေါ်နေသည့် ရန်ကုန်စတော့အိတ်ချိန်းတွင် ၂၀၁၇ မတ်လက ကျပ် ၃ ဒသမ ၃ ဘီလျံအထိ အရောင်းအဝယ် ဖြစ်ခဲ့ပြီးနောက် လပေါင်း ၃၀ အတွင်း အရောင်းအဝယ်ဖြစ်မှု အမြင့်ဆုံးအဖြစ် ယခုနှစ် စက်တင်ဘာတွင် ကျပ် ၂ ဒသမ ၄ ဘီလျံ ကျော်အထိ ပြန်လည် မြင့်တက်ခဲ့သည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် ၂၀၁၉ နှစ်စမှစတင်ပြီး ဧပြီအထိ ကျပ်သိန်းထောင်ဂဏန်းသာ အရောင်းအဝယ်ဖြစ်နေခဲ့ပြီး မေတွင် ကျပ် ၁ ဒသမ ၄ ဘီလျံကျော်၊ ဇွန်တွင် ကျပ် ၁ ဒသမ ၃ ဘီလျံကျော်၊ ဇူလိုင်တွင် ကျပ် ၁ ဒသမ ၂ ဘီလျံကျော်၊ ဩဂုတ်တွင် ကျပ် ၁ ဒသမ ၉ ဘီလျံကျော်၊ စက်တင်ဘာတွင် ကျပ် ၂ ဒသမ ၄ ဘီလျံကျော်၊ အောက်တိုဘာတွင် ကျပ် ၁ ဒသမ ၃ ဘီလျံကျော် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ နိုဝင်ဘာတွင် ကျပ် ၉၉၂၆ သိန်းကျော်သို့ ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ် မတ်လက ကျပ် ၃ ဒသမ ၃ ဘီလျံအထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီးနောက် ရန်ကုန်စတော့အိတ်ချိန်းတွင် ကျပ် နှစ်ဘီလျံကျော် အရောင်းအဝယ်ဖြစ်မှုအဖြစ် ၂၀၁၇ ခုနှစ် ဩဂုတ်တွင် ကျပ် ၂ ဒသမ ၂ ဘီလျံကျော် အရောင်းအဝယ်ဖြစ်မှုမှာ အမြင့်ဆုံးဖြစ်ပြီး ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် ဩဂုတ်လအထိ ကျပ် နှစ်ဘီလျံကျော်သည့် အရောင်းအဝယ်ဖြစ်ပေါ်မှု မရှိခဲ့ရာမှ ယခုစက်တင်ဘာလကုန်တွင် ကျပ် ၂ ဒသမ ၄၇ ဘီလျံကျော်အထိ အရောင်းအဝယ်ဖြစ်မှု ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ရန်ကုန်စတော့အိတ်ချိန်း သမိုင်းတစ်လျှောက် အရောင်းအဝယ်ဖြစ်မှု ယခုနှစ်အတွင်း စံချိန်တင်ကျဆင်းနေပြီး အရောင်းအဝယ်ဖြစ်မှု အနိမ့်ဆုံးအဖြစ်မှု မတ်လတွင် ကျပ် ၃၉၆၂ သိန်းကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ပထမဆုံးအဖြစ် မေလတွင် ကျပ် ၁ ဒသမ ၄ ဘီလျံကျော်၊ ဇွန်လတွင် ကျပ် ၁ ဒသမ ၃ ဘီလျံနှင့် ဇူလိုင်လတွင် ကျပ် ၁ ဒသမ ၂ ဘီလျံကျော်သာ အရောင်းအဝယ် ဖြစ်ပေါ်ခဲ့ပြီး စတော့အိတ်ချိန်း အရောင်းအဝယ် နှစ်လဆက်တိုက် ပြန်လည်ကျဆင်းခဲ့ရာမှ ဩဂုတ်လတွင် စံချိန်တင်အမြင့်ဆုံးအဖြစ် ကျပ် ၁ ဒသမ ၉၄ ဘီလျံ၊ စက်တင်ဘာတွင် ကျပ် ၂ ဒသမ ၄၇ ဘီလျံအထိ ပြန်လည်မြင့်တက်ခဲ့ရာမှ အောက်တိုဘာတွင် ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။

ရန်ကုန်စတော့အိတ်ချိန်း၏ အစုရှယ်ယာ အရောင်းအဝယ်ဖြစ်မှုတွင် ဇူလိုင်လ၌ FMI ရှယ်ယာမှာ အမြင့်ဆုံး ကျပ် ၁၂၀၀၀ ဖြစ်ခဲ့ပြီး အနိမ့်ဆုံး ကျပ် ၁၁၀၀၀ အထိ ပြန်လည် ကျဆင်းသွားပြီး သီလဝါရှယ်ယာမှာ ကျပ် ၃၃၀၀ သို့ ကျဆင်းခဲ့သော်လည်း FMI နှင့် သီလဝါရှယ်ယာရောင်းချမှုမှာ ကျပ် တစ်ဘီလျံကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဩဂုတ်လတွင်မူ ပထမပုဂ္ဂလိကဘဏ်၏ ရှယ်ယာအရောင်းအဝယ်ဖြစ်မှု သုံးဆခန့် မြင့်တက်လာခြင်းနှင့် TMH တယ်လီကွန်းမှာ ယခင်လထက် အရောင်းအဝယ်ဖြစ်မှု မြင့်တက်လာခြင်းတို့ကြောင့်ဖြစ်ပြီး အမြတ်ဝေစုပေးမည့် သီလဝါရှယ်ယာမှာ ကျပ် ၄၄၀၀ အထိ ဈေးနှုန်းပြန်လည် မြင့်တက်ခဲ့မှုများကြောင့် ဩဂုတ်တွင် ကျပ် ၁ ဒသမ ၉၄ ဘီလျံအထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။ စက်တင်ဘာတွင် သီလဝါ ရှယ်ယာမှာ ကျပ် ၄၅၀၀ အထိမြင့်တက်ပြီး စုစုပေါင်း ကျပ် ၁ ဒသမ ၃၇ ဘီလျံအထိ အရောင်းအဝယ်ဖြစ်ခဲ့သောကြောင့် လပေါင်း ၃၀ အတွင်း အမြင့်ဆုံးအရောင်းအဝယ် ဖြစ်ခဲ့ခြင်းဖြစ်သော်လည်း အောက်တိုဘာတွင်မူ သီလဝါရှယ်ယာ၏ ဈေးနှုန်း ကျပ် ၃၆၀၀ အထိ ကျဆင်းခဲ့ခြင်းနှင့် စာရင်းဝင်ကုမ္ပဏီအားလုံး၏ ရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့ခြင်းကြောင့် ကျပ် ၁ ဒသမ ၃ ဘီလျံကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာတွင်မူ အရောင်းအဝယ်ဖြစ်သည့် အစုရှယ်ယာအရေအတွက် ကျဆင်းခြင်းကြောင့် ကျပ်သိန်း ၉၉၂၆ ကျော်သာ အရောင်းအဝယ် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ ဒီဇင်ဘာတွင် FMI နှင့် MTSH ရှယ်ယာများ ဈေးနှုန်းမြင့်တက်မှုမရှိခြင်း၊ အရောင်းအဝယ်ဖြစ်မှု နည်းပါးခြင်းကြောင့် ဈေးကွက်ကျဆင်းမှု ဆက်လက်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/152337

## နေ့စဉ် ဆန်တန်ချိန်တစ်သောင်းခန့် ပြည်ပတင်ပို့ရောင်းချနေရ

ယခုဘဏ္ဍာနှစ်အတွင်း နေ့စဉ်ဆန်တန်ချိန်တစ်သောင်းခန့် ပြည်ပသို့တင်ပို့ရောင်းချနေရကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောသည်။ ''ဘဏ္ဍာနှစ်အစကနေ အခုထိဆို ရက် ၉၀ လောက် ရှိပြီပါပြီ။ ဒီရက်တွေအတွင်းမှာ တစ်ရက်ကို ပြည်ပကို ဆန်တန်ချိန် တစ်သောင်းလောက် တင်ပို့ရောင်းချခဲ့တဲ့အတွက် အခုထိဆိုရင်

ဆန်တန်ချိန်ကိုးသိန်းလောက် တင်ပို့ရောင်းချပြီးပါပြီ''ဟု ၎င်းကပြောသည်။ မြန်မာနိုင်ငံက ဆန်ကို အာဖရိကနိုင်ငံများသို့ အများဆုံးတင်ပို့နေပြီး အာဆီယံနိုင်ငံများသို့ ဒုတိယအများဆုံးတင်ပို့သည်။ ယခုနှစ်တွင် နွေစပါးက ရရှိသည့်ဆန်ကို ပြည်ပသို့ တင်ပို့ရောင်းချရမှုတွင် လျော့နည်းနိုင်ကြောင်းလည်း ၎င်းကပြောသည်။ ''နွေစပါးအတွက် ဆည်ရေပေးနိုင်မှု အခက်အခဲရှိတယ် ဆိုတာ အစိုးရကလည်း ကြေငြာပြီးသွားပါပြီ။ နွေစပါးလျှော့စိုက်ကြဖို့လည်း ပြောထားပါတယ်။ နွေစပါးစိုက်ပျိုးမှု သိသိသာသာ လျော့နည်းမှာဖြစ်လို့ အထွက်နှုန်းလျော့ရင် ပြည်ပဆန်တင်ပို့မှုလျော့ကျလာမှာပါ''ဟု ၎င်းကဆိုသည်။ ယခုဘဏ္ဍာနှစ်တွင် ပြည်ပဆန်တင်ပို့မှု တန်ချိန် နှစ်သန်းခွဲတင်ပို့နိုင်ရန် ဆန်စပါးအသင်းချုပ်က မျှော်မှန်းထားသည်။

လက်ရှိတွင် ဘဏ္ဍာနှစ်စမှ ဒီဇင်ဘာ ၁၃ ရက်အထိ ပြည်ပဆန်နှင့် ဆန်ကွဲတင်ပို့မှုမှာ မက်ထရစ်တန် ၇၇၀,၀၀၀ ကျော်ရှိခဲ့ပြီး ဝင်ငွေ ကန်ဒေါ်လာ သန်း ၂၂၀ ကျော်ရှိခဲ့သည်။ နယ်စပ်မှတစ်ဆင့် ပြည်ပသို့ ဆန်တင်ပို့ရောင်းချမှု လျော့နည်းလာပြီး ပြည်ပဆန်တင်ပို့ရောင်းချမှု စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းကသာ နယ်စပ်မှတစ်ဆင့် ရောင်းချခြင်းဖြစ်ကြောင်း ဦးမျိုးသူရအေးကပြောသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း ပြည်ပဆန်ပို့ကုန်၏ ၅၅ ရာခိုင်နှုန်းမှာ နယ်စပ်မှ တစ်ဆင့်တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် ၄၅ ရာခိုင်နှုန်း တင်ပို့ရောင်းချခဲ့သည်။ ပြည်ပဆန်တင်ပို့မှု စုစုပေါင်း၏ ၃၉ ရာခိုင်နှုန်းကျော်ကို အာဖရိကဈေးကွက် နိုင်ငံများ၊ ၃၁ ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၊ ၁၁ ရာခိုင်နှုန်းကို အီးယူဈေးကွက်နှင့် အခြားနိုင်ငံများကို ၁၈ ရာခိုင်နှုန်းကျော် တင်ပို့ရောင်းချခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/133217.html

## သွင်းကုန်မြင့်တက်ခြင်းကို ဥပဒေဖြင့် ထိန်းချုပ်မည်

သွင်းကုန်ပမာဏမြင့်တက်ခြင်း ကာကွယ်ပေးမှုဥပဒေက အသေးစားနှင့်အလတ်စားပြည်တွင်းလုပ်ငန်းများကို ပိုမိုကာကွယ် ပေးလာနိုင်မည်ဟု မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သိန်းကပြောသည်။ သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကို ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ပြည်ထောင်စုလွှတ်တော်တွင် ပြဋ္ဌာန်းခဲ့သည်။ ဥပဒေသည် ပြည်တွင်းကုန်စည် ထုတ်လုပ်သူများ၏ယှဉ်ပြိုင်နိုင်စွမ်းကို အထောက်အကူဖြစ်စေရန်နှင့် သွင်းကုန်ပမာဏ မြင့်တက်ခြင်းကြောင့် ပြည်တွင်းထုတ်လုပ်သူများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လာလျှင် စီမံကြပ်မတ်နိုင်ရန် ရည်ရွယ် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ယခုဥပဒေကြောင့် လိုအပ်သည်ထက် ပိုမိုတင်သွင်းလျက်ရှိသော ကုန်စည်အမည်များကို ထိန်းချုပ်လာနိုင်ရန် မျှော်လင့်ထားပြီး နိုင်ငံ၏ ပို့ကုန်နှင့်သွင်းကုန်ပမာဏများကို စီမံထိန်းကျောင်းနိုင်မည်ဟု ဦးအောင်သိန်းက ပြောသည်။

ဥပဒေအရ သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီကို ဖွဲ့စည်းမည်ဖြစ်ပြီး စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်မည်ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍဘက်တွင် မြန်မာနိုင်ငံ ကုန်သည် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌက အဖွဲ့ဝင်အဖြစ်ပါဝင်မည်ဖြစ်သည်။ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်း ကုန်စည်ထုတ်လုပ်မှုကို ထိခိုက်နစ်နာမှု ရှိ၊ မရှိကို မြင့်တက်လာသည့် သွင်းကုန်ပမဏနှင့်နှုန်းထား၊ ပမာဏမြင့်တက် ဝင်ရောက် သည့် သွင်းကုန်၏ ပြည်တွင်းဈေးကွက်ဝေစု၊ ရောင်းချမှု၊ ထုတ်လုပ်မှုနှင့် ထုတ်လုပ်နိုင်စွမ်းအခြေအနေအပြောင်းအလဲ၊ အမြတ် နှင့် အရှုံးအခြေအနေနှင့် အလုပ်သမားခန့်ထားမှု ပြောင်းလဲလာခြင်းစသည့်အချက်များကို အခြေခံ၍စိစစ်မည်ဖြစ်သည်။ သွင်းကုန်မြင့်တက်ခြင်းကြောင့် ပြည်တွင်းကုန်စည်များကို ထိခိုက်နစ်နာမှု ဖြစ်ပေါ်လာလျှင် ကာကွယ်ပေးမှုအစီအမံ ကျင့်သုံး မည်ဖြစ်သည်။ အဆိုပါအစီအမံတွင် ယာယီကာကွယ်ပေးမှု အကောက်ခွန် စည်းကြပ်ခြင်း၊ သွင်းကုန်ပမာဏ ကန့်သတ်ခြင်းတို့ ပါဝင်သည်။ မြန်မာနိုင်ငံ၏ သွင်းကုန်များအနက် စက်သုံးဆီ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းနှင့် စားသောက်ကုန်စည် များသည် ထိပ်တန်းသွင်းကုန်များဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/133218.html

## နှစ်သစ်မှာ အလားအလာကောင်းနိုင်တဲ့ ပြောင်းသီးနှံဈေးကွက်

ပုံမှန်အားဖြင့် တန်ချိန် တစ်သန်းဝန်းကျင် ကုန်သွယ်မှုပမာဏရှိခဲ့သည့် တရုတ်နိုင်ငံ၏ ဝယ်ယူမှုရပ်ဆိုင်းထားခြင်းကြောင့် ယမန်နှစ်က စိတ်ကြိုက်ဈေးနှုန်းမရရှိခဲ့သည့် ပြောင်းသီးနှံဈေးကွက်သည် ထင်မှတ်မထားသော နိုင်ငံတကာဈေးကွက်သစ်များ

ရရှိလာခဲ့ခြင်းကြောင့် ယခုနှစ်တွင် အခွင့်အလမ်းကောင်းတို့ဖြင့် ဈေးကွက်မျက်နှာပန်းလှရန် အခြေအနေရှိနေသည်။ ယမန်နှစ်အတွင်း ပြောင်းသီးနှံ အဓိကဝယ်လက်ဖြစ်သော တရုတ်နိုင်ငံ၏ ဝယ်ယူမှုရပ်တန့်ခဲ့ခြင်းကြောင့် ဈေးကွက်အတွင်း ပြောင်းသီးနှံ စုပုံကျန်ရစ်မည့်အရေး စိုးရိမ်စရာဖြစ်ခဲ့သော်လည်း ထိုင်းနိုင်ငံ၏ ပြောင်းတန်ချိန် အမြောက်အမြား တိုးမြှင့်ဝယ်ယူမှုကြောင့် အသက်ရှူချောင်ခဲ့သလို အာဆီယံဒေသတွင်း နိုင်ငံတချို့ဖြစ်သော ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအိုနိုင်ငံများကို ပြောင်းသီးနှံ တင်ပို့ခွင့် ရရှိခဲ့ခြင်းကလည်း ယခုနှစ်အတွက် ပြောင်းသီးနှံဈေးကွက်အသစ်ရရှိနိုင်မည့် လမ်းစတစ်ခုဟု ဆိုရမည်ဖြစ်သည်။ "အဓိက ဝယ်လက်ဖြစ်တဲ့ တရုတ်ကဝယ်ယူမှုကို ပိတ်ပင်ခဲ့ပေမဲ့ တခြားနိုင်ငံတကာ ဝယ်လက်တွေ ရှိလာတာကြောင့် အရင့်အရင်နှစ်တွေနဲ့ တင်ပို့နှုန်းမကွာဘဲ တင်ပို့နိုင်ခဲ့တယ်လို့ ပြောရမှာပါ။ ထိုင်းနိုင်ငံဆိုရင် တော်တော်လေး ဝယ်ပါတယ်။ ဝယ်လက်အသစ်ဖြစ်တဲ့ ဖိလစ်ပိုင်ဆိုရင် တန်ချိန်တစ်သိန်းတင်ပို့ခဲ့တယ်။ ဒီနှစ်လည်း ပိုမိုတင်ပို့နိုင်ဖို့ မျှော်မှန်းပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသူကဆိုသည်။

ယမန်နှစ်တစ်နှစ်လုံးခြုံကြည့်ပါက အာဆီယံဒေသတွင်း နိုင်ငံအချို့သို့ ပြောင်းသီးနှံတင်ပို့ရမှု ပိုမိုခဲ့ပြီး ဈေးကွက်အသစ်ရရှိခဲ့သည့် နှစ်ဖြစ်ခဲ့သလိုယခုနှစ်တွင်လည်း ပြောင်းသီးနှံတင်ပို့မှုအတွက် ဈေးကွက်အသစ် ဆက်လက်ဖော်ဆောင်နိုင်မည်ဟု သတ်မှတ်နိုင်ကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးမင်းခိုင်က ပြောသည်။ ၂၀၁၈ ခုနှစ် ကုန်ခါနီးတွင် တရုတ်နိုင်ငံ၏ဝယ်ယူမှုကြောင့် သုံးတင်းဝင် တစ်အိတ်လျှင် မန္တလေးဈေးကွက်အတွင်း ကျပ် ၃၀,၀၀၀ အထိ ပေါက်ဈေးရှိခဲ့သော ပြောင်းသီးနှံသည် ၂၀၁၉ နှစ်ဆန်းပိုင်းက စတင်ကာ ဈေးနှုန်းတဖြည်းဖြည်း ကျဆင်းလာခဲ့ခြင်းရာက ပြောင်းကုန်သည်တို့ကြား စိုးရိမ်ပူပန်မှု မြင့်တက်စေခဲ့သည်။ သို့သော်နောက်ပိုင်းတွင် အခြေအနေတည်ငြိမ်ခဲ့ပြီး ပြောင်းရာသီတွင် ဈေးကွက်အသစ် ဖော်ဆောင်နိုင်ခဲ့သလို ပြောင်းတင်ပို့မှု တန်ချိန်လည်း ယခင်နှစ်များနှင့် သိပ်မကွာဟခဲ့ပေ။ သို့သော် ယခင်က တရုတ်နိုင်ငံက ပြောင်းသီးနှံကို တရားမဝင် ဝယ်ယူမှုကြောင့် ဈေးနှုန်း အမြင့် ရရှိခဲ့သော်လည်း ပြောင်းလဲသွားသောဈေးကွက်သစ်သည် တရားဝင် ဈေးကွက်ဖြစ်ခြင်းကြောင့် ပုံမှန်ဈေးနှုန်းသာ ရရှိသည့် ဈေးနှုန်းကွာဟ ပြောင်းလဲမှုရှိခဲ့ကြောင်း ဦးမျိုးသူက ပြောသည်။

ထို့ပြင် တစ်ကေလျှင် ပိဿာ ၅၀ နှင့် ၇၀ ကြားထွက်ရှိသည့် တောင်ပေါ်ဒေသ ပြောင်းသီးနှံသည် မြေပြန့်ဒေသများတွင် စိုက်ပျိုးသည့် ဆောင်းပြောင်းကဲ့သို့ အထွက်နှုန်းမမြင့်မားခြင်း၊ ယခင်ကဲ့သို့ တရုတ်နိုင်ငံသို့ တင်ပို့ခွင့်မရဘဲ ထိုင်းနယ်စပ်သို့ သွားရောက် တင်ပို့ရခြင်းကြောင့် သယ်ယူပို့ဆောင် စရိတ် ကုန်ကျခြင်းများ ယမန်နှစ် ပြောင်းရာသီတွင် ကြုံတွေ့ခဲ့ရသည်။ အထူးသဖြင့် တစ်နိုင်ငံလုံး ပြောင်းစိုက်ပျိုးမှု စုစုပေါင်း၏ ၄၆ ရာခိုင်နှုန်းရှိသောရှမ်းပြည်နယ်ထွက် ပြောင်းသီးနှံများသည် အိမ်နီးချင်း တရုတ်နိုင်ငံကို မတင်ပို့ရဘဲ လက်ရှိဝယ်ယူလျက်ရှိသည့် မြဝတီသို့ တင်ပို့နေရခြင်းကြောင့် သယ်ယူပို့ဆောင်ရေး စရိတ်သည် ရန်ကုန်နှင့်နီးသည့်ဒေသထွက် ပြောင်းသီးနှံများထက် သုံးဆခန့်ပိုမိုလျက်ရှိရာ ရှမ်းပြည်နယ်က ပြောင်းစိုက်တောင်သူများအတွက် တွက်ခြေမကိုက်ခဲ့ခြင်းဖြစ်သည်။ ယမန်နှစ် ပြောင်းရာသီတွင် မိုးပြောင်းစိုက်ပျိုးကြသည့် ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ကချင်နှင့် ကရင်ပြည်နယ်တို့တွင် ပြောင်းသီးနှံတစ်ပိဿာလျှင် ပျမ်းမျှ အနိမ့်ဆုံးဈေး ကျပ် ၃၃၀ နှုန်းရှိခဲ့ပြီး ဆောင်းပြောင်းစိုက်ပျိုးသည့် ရောဝတီ၊ မန္တလေး၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပြောင်းသီးနှံ တစ်ပိဿာလျှင် ကျပ် ၄၀၀ ကျော် ဈေးနှုန်းရှိခဲ့ကာ နေရာအလိုက် ဈေးနှုန်းကွာခြားမှုရှိခဲ့သည်။

သို့သော် ပြောင်းသီးနှံသည် ယခုနှစ်အတွက်တောင်သူစိတ်ကြိုက် ဈေးနှုန်းမရသေးသော်လည်း ဈေးကွက်သစ်များ ဖော်ဆောင် လာနိုင်သလို ထိုင်းနိုင်ငံနှင့် ပြောင်းဝယ်ယူရေး နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခြင်းက ဈေးကွက်ခြေလှမ်းသစ်ဖြစ်ခဲ့သဖြင့် ယခုနှစ်အတွက် အခွင့်အလမ်းကောင်းများ ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ရခြင်းဖြစ်သည်။ "ကျွန်တော်တို့ ထိုင်းနဲ့ တန်ချိန် တစ်သန်း စာချုပ်ချုပ်ဆိုဖို့လည်း ရှိနေပါတယ်။ အာဆီယံ Free Trade ရှိတာကြောင့်မို့လို့ တင်ပို့တဲ့ ပြောင်းတွေကို အခွန် သုညနဲ့ ပို့နိုင်ဖို့လည်း အလားအလာရှိနေပါတယ်။လာအိုဘက်ကလည်း အမှာစာရှိနေတယ်။ ဂျပန်ကလည်း စိတ်ဝင်စားမှု ရှိနေပါတယ်။ တစ်နှစ်လုံးခြုံကြည့်ရင် ကျွန်တော်တို့ အလားအလာကောင်းတွေ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု ဦးမင်းခိုင်ကဆိုသည်။

လက်ရှိတွင် ထိုင်းနိုင်ငံနှင့် သဘောတူစာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆဲအဆင့်သာရှိနေပြီး တရုတ်နိုင်ငံနှင့်ပြောင်းသီးနှံ

ဝယ်ယူရေး ဆွေးနွေးမှုများလည်း ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ဦးမျိုးသူကပြောသည်။ ပြောင်းသီးနှံကဏ္ဍအတွင်းရှိ ကုန်သည်အများစုသည် ယခုနှစ်အတွက် အကောင်းမြင်မှုများ ရှိနေပြီး တရုတ် နိုင်ငံသို့ ပြောင်းသီးနှံ ပြန်လည်တင်ပို့နိုင်ခြေ ၇၀ ရာခိုင်နှုန်း ရှိလာမည်ဟု မျှော်လင့်ကြောင်း ကုန်သည်အချို့ကသုံးသပ်ကြသည်။ "တရုတ်ဘက်က ပြောင်းကို သိပ်ဝယ်ချင်တယ်။ တားထားလို့ မဝယ်ရတာလို့ အသိကုန်သည်တွေကပြောတယ်။ အဲဒီအတွက် နောက်နှစ် အဝယ်လိုက်မယ်လို့ သေချာပေါက် ယုံတယ်" ဟု ရှမ်းပြည်နယ်မြောက်ပိုင်း လာရှိုးအခြေစိုက် ပြောင်းကုန်သည် ဒေါ်စိုးမြအုန်းကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/133239.html

## ဖရဲဈေးနှုန်းများတက်လာ



မြန်မာ့ဖရဲ ဈေးနှုန်းများမှာ နှစ်သစ်ကူးအပြီး ပိုမိုတက်လာတာ ဖြစ်တယ်လို့ မြန်မာနိုင်ငံဖရဲ ၊ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ သိရပါတယ်။ တရုတ်ဘက်မှ နှစ်သစ်ကူး အပြီးမှာ ဝယ်လိုအားတက်လာတဲ့အတွက် မြန်မာ့ဖရဲဈေးနှုန်း များမှာ (၁၇) တန်ကို ယွမ် ၃၀၀၀ လောက် ပိုမိုတက်လာတယ်လို့ မြန်မာနိုင်ငံဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းမှ ဥက္ကဋ္ဌဦးနိုင်ဝင်းကပြောပါတယ်။

ဖရဲက ခရစ္စမတ်ကနေစပြီး တဖြည်းဖြည်းတက်လာတာ အခုဆိုရင် (၁၇) တန်ကို ယွမ် (၃၀၀၀) လောက် ပိုမိုတက်လာ ပါတယ်။ နှစ်ကူးပြီးမှ ပိုတက်လာတာပေါ့။ တရုတ်ဘက်ကလည်း ရာသီဥတုကြောင့် စိုက်လို့မရဘူးဆိုတော့ အဝယ်လိုက်လာ တာလည်းပါတယ်။ အရင် စက်တင်ဘာလနဲ့ အောက်တိုဘာလများက မြန်မာ့ဖရဲ (၁၇) တန်ကို ယွမ် ၃၉၀၀၀ သာရှိပြီး အခုနှစ်သစ်ကူးအပြီး မြန်မာ့ဖရဲ (၁၇) တန်ကို ယွမ် ၄၂၀၀၀ ဈေးနှုန်း မြင့်တက်လာကြောင်းသိရပါတယ်။ မြန်မာ့ဖရဲကို တရုတ်ကို အဓိကထားတင်ပို့နေပြီး အခြားပြည်ပနိုင်ငံဈေးကွက်များကိုလည်း တင်ပို့နေတာဖြစ်ကြောင်း မြန်မာနိုင်ငံ ဖရဲသခွားစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/increase_price_of_watermelon_after_new_year

## လာမည့်ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၂ သန်း ကျော် တင်ပို့ရန်လျာထား

၂၀၁၉ –၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ရန် လျာထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ပြည်ပပို့ကုန်ကို ဦးဆောင်သော ဆန်စပါးဖွံ့ဖြိုးမှု မူဝါဒကို ဦးစားပေးဆောင်ရွက်လျက်ရှိသော်လည်း ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၌ နယ်စပ်ကုန်သွယ်မှု ကျဆင်းသွားကြောင်း သိရသည်။ 'ပြည်ပတင်ပို့တဲ့ လုပ်ငန်းကို ပိုပြီးတော့ တိုးမြှင့်ဆောင်ရွက်ဖို့ရှိပါတယ်။ ဒီနေ့အချိန်ထိ တစ်နှစ်ကို ပျှမ်းမျှတန်ချိန် ၂ သန်းကျော်တော့ တင်ပို့နေတယ်။ ဒီဟာကို ကျွန်တော်တို့ ဆက်ထိန်းထားပြီးတော့ လာမယ့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်မှာလည်း တန်ချိန် အနည်းဆုံး ၂ ဒသမ ၅ သန်းလောက် တင်ပို့နိုင်အောင် လျာထားပြီး ဆောင်ရွက်နေပါတယ်" ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

ယခင်က နယ်စပ်မှတဆင့် တစ်နေ့လျှင် တန် (၄၀၀၀) ဝန်းကျင် တင်ပို့လျက်ရှိရာမှ ယခုအခါ တစ်နေ့လျှင် တန်ချိန် (၁၀၀၀) ဝန်းကျင်သာ တင်ပို့နေရကြောင်းသိရသည်။ ပြည်ပသို့ဆန်တင်ပို့မှု လျော့ကျရခြင်းမှာ ဆန်စပါးဈေးနှုန်းကျဆင်းခြင်းကြောင့် နိုင်ငံတော်အစိုးရမှ ဆန်စပါးအခြေခံဈေးနှုန်း ကြေညာ၍ ဝယ်ပေးရသည့်အဆင့်ထိဖြစ်လာပြီး နွေစပါးရာသီချိန်တွင်လည်း အခြေခံဆန်စပါးဈေးနှုန်း သတ်မှတ်ဝယ်ယူပေးရန် နိုင်ငံတော်အစိုးရကို တင်ပြထားကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/make_rice_export_plan_to_foreign

## တရုတ်အစိုးရ ခွင့်ပြုမိန့်မပေးသေး၍ မူဆယ်မှဆန်တင်ပို့မှု ရပ်ဆိုင်းနေ

တရုတ်အစိုးရက ခွင့်ပြုမိန့်မပေးသေး၍ ယခုရက်ပိုင်း မူဆယ်နယ်စပ်မှ ဆန်တင်ပို့မှု ရပ်ဆိုင်းထားရကြောင်း မူဆယ် ဆန်ကုန်စည်ဒိုင်အသင်းဝင်အချို့ကပြောသည်။ ယူနန်ပြည်နယ်အစိုးရခွင့် ပြုမိန့်ဖြင့် ၂၀၁၉ နှစ်ကုန်အထိ မူဆယ်နယ်စပ်မှ တစ်ပတ်လျှင် ဆန်တန်ချိန်နှစ်ထောင်ခန့် တင်ပို့ နိုင်ခဲ့သည်။ တရားမဝင်ကုန်သွယ်မှုတား ဆီးရေး ဆောင်ရွက်နေသော တရုတ်အစိုးရသည် နယ်စပ်မှဆန် အပါအဝင်သွင်းကုန်များကို တား ဆီးပြီး ပြည်နယ်များ၌ လိုအပ်ချက်အရ ကုန်ပစ္စည်းကဏ္ဍအ လိုက်ပါမစ် (ကန့်သတ်ခွင့်ပြုမိန့်) များဖြင့်တင်သွင်းခွင့်ပြုခဲ့သည်။

တရုတ်အစိုးရ ခွင့်ပြုမိန့် သည် ၂၀၁၉ တွင် ဇန်နဝါရီလ ကုန်ပိုင်းကစတင်ပြီး ဒီဇင်ဘာနှစ် ကုန်ချိန်၌ သက်တမ်းကုန်ဆုံးသည်။ "ဒီနှစ်မှာ ပါမစ်ချထားပေး တဲ့ပမာဏပိုများမယ်လို့မျှော်လင့်ရတာပဲ" ဟု ဆန်ကုန်သည် ဦးမင်းသိန်းကပြောသည်။ ယခုနှစ်တွင် ဆန်နှင့်ပတ်သက်သောသွင်းကုန် ခွင့်ပြုချက်တန်ချိန်ကို ယူနန်အစိုးရက ပိုမိုခွင့်ပြုနိုင်မည်ဟု ဆန်ကုန်သည်များက မျှော်လင့်နေသည်ဟု ၎င်းကပြောသည်။ ၂၀၁၉ တွင်နယ်စပ်မှတရုတ် အစိုးရ သွင်းကုန်ခွင့်ပြုမိန့်ဖြင့် မြန်မာနိုင်ငံမှ ဆန်တန်ချိန် တစ်သိန်းကျော်တင်ပို့ရောင်းချနိုင်ခဲ့ သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်း တရုတ်၊ ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်စပ် ကုန်သွယ်ရေးစခန်း ၁၈ ခုဖွင့်ထားပြီး မူဆယ်၊ ရွှေလီနယ်စပ်ကုန် သွယ်ရေးက နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုအများဆုံးဖြစ်သည်။ ၂၀၁၉ – ၂၀ ဘဏ္ဍာနှစ် နှစ်လခွဲကျော်အတွင်း အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေး စုစုပေါင်းကန်ဒေါ်လာ ၂ ဒသ မ ၄ ဘီယံကျော်ကုန်သွယ်ထားပြီးမူဆယ်၊ ရွှေလီနယ်စပ်ကုန် သွယ်ရေးက ၁ ဒသမ ၂ ဘီလီယံ ကျော်တန်ဖိုးရှိသည်။

**Source:** https://7day.news/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1%80%A1%E1%8

## ဒေါ်လာဈေး ဆက်တိုက်ကျဆင်း

ဇန်နဝါရီ ၂ ရက်၌ ဗဟိုဘဏ်က ဒေါ်လာသုံးသန်းဝယ်ယူသော်လည်း ပြင်ပပေါက်ဈေးတွင် တစ်ဒေါ်လာကျပ် ၁,၄၈၀ အောက်သို့ ဆက်တိုက်ကျဆင်းနေကြောင်း ပြည်တွင်းငွေကြေးဈေးကွက်မှသိရသည်။ ဒေါ်လာဈေးဆက်တိုက်ကျဆင်းခြင်းကြောင့် ဗဟိုဘဏ်က ဒီဇင်ဘာအတွင်း ဒေါ်လာ ၂၇ သန်းဝယ်ယူပြီး ၂၀၂၀ နှစ်ဆန်း ပိုင်းတွင် ဆက်လက်ဝယ်ယူနေသည်။ ဇန်နဝါရီ ၂ ရက်က တစ်ဒေါ်လာ ၁,၄၇၉ ကျပ်ရှိပြီး ဗဟိုဘဏ်က တစ်ဒေါ်လာလျှင် ၁,၄၇၄ ကျပ်ဖြင့် ဝယ်ယူသည်။

ပြည်တွင်းဘဏ်များက ပြည်တွင်းဈေးကွက်အတွင်း အ ရောင်းအဝယ်သည် ဇန်နဝါရီ ၂ ရက်တွင် ဒေါ်လာ ၆ ဒသမ ၈ သန်းရှိပြီး ၂၀၁၉ ဒီဇင်ဘာတွင် တစ်ရက်လျှင် ဒေါ်လာသန်း ၆၀ ခန့်ရှိခဲ့သည်။ "ဒီဇင်ဘာ၊ ဇန်နဝါရီလများဟာ ဒေါ်လာဈေးပုံမှန်ကျလေ့ရှိတယ်။ မြန်မာဘက်မှာလည်းပိတ်ရက်သိပ်များသွားတယ်" ဟု စီးပွားရေးလုပ်ငန်းရှင်ဦးမင်းကိုဦးက ပြောသည်။ ကျပ်ငွေတန်ဖိုးမြင့်တက်ခြင်းကြောင့် သွင်းကုန်လုပ်ငန်းရှင်များအတွက် အဆင်ပြေနိုင်သော်လည်း ပို့ကုန် လုပ်ငန်းရှင်များ အတွက် အရှုံးရှိနိုင်သည်ဟု ၎င်းကဆိုသည်။ သို့သော် ကျပ်ငွေတန်ဖိုးမြင့်တက်ခြင်းသည် ကောင်းမွန်သည့်အနေအထား ဖြစ်သည်ဟု ၎င်းကမှတ်ချက်ပေးသည်။ တရုတ်နိုင်ငံတွင် ပိတ်ရက်များရှိနေသေး၍ မြန်မာ-တရုတ်ကုန်သွယ်မှု၌ သက်ရောက်မှုရှိနေဦးမည်ဟု ၎င်းကဆိုသည်။ တစ်ဒေါ်လာလျှင် ကျပ် ၁၅၀၀ အထက် အချိန်ကြာမြင့်စွာ တည်ရှိနေသည့် ဒေါ်လာဈေးသည် ၂၀၁၉ ဒီဇင်ဘာ ၂၀ ရက် နောက်ပိုင်းတွင် တစ်ဒေါ်လာ ကျပ် ၁၅၀၀ အောက်သို့ ပြန်လည်ကျဆင်းခဲ့သည်။

**Source:** https://7day.news/%E1%80%92%E1%80%B1%E1%80%AB%E1%80%BA%E1%80%9C%E1%80%AC%E1%8

## နေပြည်တော်၌ပြုလုပ်နေသည့် ကျောက်မျက်ပြပွဲ၌ ကျပ်သန်း ၄၀၀၀၀ ခန့် ရောင်းချနိုင်ရန် မျှော်မှန်း

နေပြည်တော်တွင် ပြုလုပ်နေသည့် ကျောက်မျက်ပြပွဲတွင် ကျပ်သန်း ၄၀၀၀၀ ဖိုးခန့် ရောင်းချ နိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာ့ကျောက် မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ဇန်နဝါရီ ၂ ရက်တွင် သတင်းမီဒီယာများအား ပြောသည်။ "ရောင်းချနိုင်တဲ့ အနေအထား အတိအကျကြီးတော့ မှန်းလို့မရပါဘူး။ ဘာလို့လဲဆိုတော့ ကျောက်ရဲ့အနေအထားက တစ်တွဲနဲ့တစ်တွဲ၊ တစ်နှစ်နဲ့တစ်နှစ် မတူနိုင်ဘူးပေါ့။ သို့သော်ဒီနှစ်ကျောက်တွဲတွေရဲ့ အခြေအနေကြည့်ရတာက အရပ်အခေါ်ကတော့ ခါးပိုင်းကျောက်တွေပေါ့။ အချောထုတ်မယ့်သူတွေ၊ ကျောက်နဲ့ပတ်သက်ပြီး

စိတ်ဝင်စားတဲ့သူတွေကြိုက်မယ့် အတွဲတွေပေါ့။ ခန့်မှန်းတာကတော့ ကျပ်သန်း ၄၀၀၀၀ ခန့်ရနိုင်မယ်လို့မှန်းပါတယ်"ဟု ၎င်းကဆိုသည်။

ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမတွင် ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ ရောင်းချမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲပေါင်း ၃၆၉၅ တွဲနှင့် ကျောက်မျက် ၂၈၂တွဲကိုခင်းကျင်းပြသ ထားခြင်း ဖြစ်သည်။ ယင်းပြပွဲသို့ ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိမည်ဖြစ်ပြီးပြည်ပရတနာကုန်သည်များ ဝင်ရောက်ဝယ်ယူခွင့်မရှိကြောင်းသိရသည်။ ကျောက်မျက်အတွဲများကို ဝယ်ယူလိုပါက အာမခံစပေါ်ငွေကျပ် ၁၀ သိန်းပေးသွင်းကာ ဝယ်ယူလိုသော တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းပေးသွင်းရပြီး ကျောက်စိမ်းတွဲဝယ်ယူသူများ အနေဖြင့် အာမခံစပေါ်ငွေ ကျပ်သိန်း ၂၀ ပေးသွင်းရကာ ပေးသွင်းငွေ၏ ၁၀ ဆ တန်ဖိုးရှိသော ကျောက်စိမ်းအတွဲများကိုဝယ်ယူနိုင်ကြောင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသက်ခိုင်ကပြောသည်။ "ကျောက်စိမ်းတွဲထဲမှာတော့ ကြမ်းခင်းဈေး အမြင့်ဆုံးက ကျပ်သိန်း ၁၀၀၀ ဖြစ်ပြီး ကျောက် မျက်တွဲထဲမှာတော့ ကြမ်းခင်းဈေးအမြင့်ဆုံးက ကျပ်သိန်း ၁၈၀၀ နဲ့တင်ပြတဲ့ ကျောက်တွဲဖြစ်ပါတယ်။ ယနေ့အထိ ရတနာကုန်သည် မှတ်ပုံတင်ထားနိုင်တဲ့ အရေအတွက်ကတော့ ၁၆၃၄ ဦး ရှိပြီဖြစ်ပါတယ်"ဟု ၎င်းကဆိုသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ပြုလုပ်ခဲ့သော ကျောက်မျက်ရတနာများအား မြန်မာကျပ်ငွေဖြင့် ရောင်းချသည့်ပွဲတွင် အတွဲပေါင်း ၃၁၀၀ ကျော် ခင်းကျင်းပြသခဲ့ပြီး ကျပ်သန်း ၅၀၀၀၀ ကျော်ဖိုး ရောင်းချရကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/133263.html

## ကန်ဒေါ်လာ ၁ သန်းကျော်တန် ကျောက်စိမ်းလည်ဆွဲပါဝင်မည့် ကျောက်မျက်ပြပွဲကျင်းပမည်

အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းတန် ကျောက်စိမ်းလည်ဆွဲအပါအဝင် တန်ဖိုးမြင့်ကျောက်မျက်ရတနာများ ပါဝင်ပြသမည့် တတိယအကြိမ်မြောက် ရန်ကုန် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာ အရောင်းအချေးထည်နှင့် လက်ဝတ်ရတနာပြပွဲကို ရန်ကုန်မြို့ Lotte Hotel တွင် ဇန်နဝါရီလ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ယခုလ ၂ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှသိရသည်။ "စုစုပေါင်း တန်ဖိုးက အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ရှိတဲ့ ကျောက်မျက်အတွဲ (၇၄)တွဲ ပါဝင်ပါမယ်။ နိုင်ငံတကာ ကုမ္ပဏီတွေကို ဖိတ်ထားတာ ဖြစ်တဲ့အတွက် ရောင်းဝယ်တဲ့အခါ နိုင်ငံတကာ ငွေကြေးတွေကို ကန့်သတ် မထားပါဘူး"ဟု ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်) မှ ဒုတိယဥက္ကဋ္ဌ (၄) ဒေါ်မြင့်သက်နိုင်ကပြောသည်။ အဆိုပါကျောက်မျက်ပြပွဲတွင် လေလံကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းတန် ကျောက်စိမ်းလည်ဆွဲ၊ အမေရိကန်ဒေါ်လာ ၅ သိန်းတန် ပတ္တမြားလည်ဆွဲအပါအဝင် ဒေါ်လာသိန်းကျော်တန် ကျောက်မျက်များကို လေလံပစ်သွားမည်ဟုဆိုသည်။

မြန်မာနိုင်ငံထွက် ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် ရာနှုန်းပြည့်ပေါ်ပေါက်လာစေရန်နှင့် ကမ္ဘာ့ဈေးကွက်တွင် နေရာရရှိလာစေရန် ကျောက်မျက်ကို ကုန်ကြမ်းအဆင့်မဟုတ်ဘဲ အချောထည်စနစ်ဖြင့် ရောင်းချနိုင်ရန် ရည်ရွယ်ထားသည်ဟုဆိုသည်။ "ဒီပြပွဲမှာ ကျောက်မျက်တွေကို မျက်မြင်စနစ်နဲ့ ဈေးညှိနှိုင်းပြီး တိုက်ရိုက်ရောင်းဝယ်တဲ့စနစ်နဲ့ လေလံစနစ်တွေကို ထည့်သွင်းရောင်းချသွားမှာဖြစ်ပါတယ်"ဟု ဒေါ်မြင့်သက်နိုင်ကပြောသည်။ ထို့ပြင် ပြပွဲအတွင်း ကျောက်မျက်ရတနာဝယ်ယူသူများအတွက် ကျောက်မျက်ရတနာများ စစ်မှန်မှု ရှိ/မရှိ စစ်ဆေးနိုင်ရန် ကျောက်မျက်ရတနာစစ်ဆေးသည့် ဓာတ်ခွဲခန်းများကိုလည်း ထားရှိသွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းပြပွဲကို မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်၏ ပံ့ပိုးကူညီမှုတို့ဖြင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)မှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ပြပွဲတွင် ဆိုင်ခန်းပေါင်း ၁၂၈ ပါဝင် ရောင်းချသွားမည် ဖြစ်ကာနိုင်ငံပေါင်း (၄၅)နိုင်ငံမှ ကျောက်မျက် ကုမ္ပဏီပေါင်း (၁၀၀၀)ကျော်နှင့် ပြည်တွင်းမှ ကျောက်မျက် ကုမ္ပဏီများကို ဖိတ်ကြားထားကြောင်းသိရသည်။

**Source:** https://web.facebook.com/.../a.1555158251791.../577472896316772/

**The Fifth Wave News**

## ဗီယက်နမ်ကော်ဖီလုပ်ငန်းအတွက် စိန်ခေါ်မှုများရှိနေ

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရိုဘတ်စတာ (robusta) ကော်ဖီအများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်သော်လည်း ရေရှည်ဖွံ့ဖြိုးရေးအတွက် နိုင်ငံအတွင်း၌ စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဗီယက်နမ်နယူးအေဂျင်စီ၏သတင်းတွင်ဖော်ပြသည်။ ဗီယက်နမ်တောင်သူအများစုက ခေတ်မီနည်းပညာထက် ရိုးရာနည်းပညာများကို အသုံးပြုနေသည့်အတွက် ဗီယက်နမ်ကော်ဖီ၏ အရည်အသွေးသည် သာမန်အဆင့်မှမတက်သေးဘဲရှိနေကြောင်း ဝန်ကြီးဌာနအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာငုယင်ဒူးအင်တွမ်းကပြောသည်။ ပင်အိုများကြောင့်လည်း ကော်ဖီ၏ထွက်နှုန်းနှင့် အရည်အသွေးကိုထိခိုက်ခဲ့ကြောင်း ၎င်းကပြောသည်။ ကမ္ဘာ့ကော်ဖီဈေးနှုန်းများသည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ရာခိုင်နှုန်း၄၀ ကျဆင်းခဲ့သဖြင့် စိုက်ပျိုးသူတို့က ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုကိုလျှော့ချခဲ့ကြောင်း ၎င်းကပြောသည်။

၂၀၁၉-၂၀ စိုက်ပျိုးရာသီတွင် ကော်ဖီထုတ်လုပ်မှုသည် ရာခိုင်နှုန်း ၂၀ ကျဆင်းမည်ဟု ခန့်မှန်းကြောင်း ဗီယက်နမ်ကော်ဖီနှင့် ကိုကိုးအသင်းဥက္ကဋ္ဌ လူဝမ်း ဗန်တူးက ပြောသည်။ ၂၀၁၁ ခုနှစ်ကစပြီး နက်စလေကုမ္ပဏီသည် NESCAFÉ Plan ဟုခေါ်သော စီမံကိန်းကိုဆောင်ရွက်ခဲ့ပြီး ဗီယက်နမ်ကော်ဖီလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြေရှင်းမည့်နည်းလမ်းများကို ဖော်ထုတ်ခဲ့ပြီး လက်တွေ့လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

**Source:** https://business.facebook.com/SFJWeekly/posts/2908646929222580?__tn__=K-R

## Thura News Views

**Garment tycoons optimistic despite strike**

Myanmar's garment industry is on track to meet its goal of USD 10 billion in exports by 2024, according to the Myanmar Garment Entrepreneurs Association (MGEA). The statement comes despite ongoing strikes and protests from Myanmar's garment industry is on track to meet its goal of USD 10 billion in exports by 2024, according to the Myanmar Garment Entrepreneurs Association (MGEA). The statement comes despite ongoing strikes and protests from garment workers.

The USD 10 billion target was set in 2014. Yet, soon after, garment workers helped usher in Myanmar's first mini-mum wage, a move that worried garment investors. However, since then, the industry has only grown. The Ministry of Commerce (MOC) reports that in the 2018-2019 fiscal year, the industry had reached USD 4.6 billion in export revenue. The MOC expects that number to reach USD 5 billion by the end of next year. Europe, Japan and South Korea are Myanmar's main textile buyers, according to the Myanmar Times.

Meanwhile, unrest has been growing among industry workers. It has been nearly one month since workers went on strike at the Hua Meng garment factory in Pathein, Ayeyarwaddy Region. On the Sunday before Christmas eve, roughly 1,000 workers took to the streets to demand better working conditions and stricter enforcement of industry laws for employers.

Myanmar's minimum wage was introduced in 2015 and stands at MMK 4800 per day, one of the lowest in Asia. Garment industry investors led the fight against the minimum wage and continue to lobby against proposed increases. They argue that raising the minimum wage would lead to mass layoffs and reduced benefits for workers. However, if official data is accurate, it appears the industry is doing well despite the pay minimum.

**Kyat begins new year high**

After a long season of inflation, the Myanmar kyat ended 2019 at its highest level for the year. The currency strengthened to 1479 kyat per one US dollar after spending most of the year in the mid 1500s.

A Myanmar Times analysis attributes the bump to new regulations on imports passed on Christmas eve. The report pointed out that Myanmar's trade deficit dropped from USD 3 billion to 1.1 billion over the 2018-1019 fiscal year.

That figure implies that Myanmar people are buying more local goods and therefore using more local currency. U Maung Maung Lay, vice chair of the Federation of Chambers of Commerce and Industry argued that the latest boost for the kyat is due to lower interest in the manufacturing sector, which contains a high level of foreign in-vestment.

In the long term, the strengthening kyat may simply be a bounce-back from an inflation surge in the summer 2018, when the kyat to dollar value rose past the 1500 mark from around 1300. The value of the kyat took another hit in 2019 after rumors of an unpaid debt crisis caused mass withdrawals at local banks and skyrocketing demand for both foreign currencies and gold.

**New law aims to reduce imports**

The Myanmar parliament has passed legislation designed to limit foreign imports, boost domestic manufacturing and strengthen the Myanmar kyat. The new law calls for the formation of a new Committee for Preventing an In-creased Quantity of Imports (under the Ministry of Commerce) as well as new tariffs and limits on import volumes.

"Uncontrolled imports can damage domestic production. The passing of legislation to manage the quantity of imports is needed to help the country's economic development. The new law will be especially helpful for small and medium enterprises," the Myanmar Times quoted Myanmar Industrial Association chair U Aung Thein as saying. He continued that the new law would "curb unnecessary imports into the domestic market," thereby strengthening domestic manufacturing and demand for domestically-produced goods. However, he added that a thorough investigation by the new committee would be necessary before the specific measures could be decided on.

The new law is merely the latest in a series of actions to reduce Myanmar's trade deficit to a target of USD 500 million. The deficit for the 2018-2019 fiscal year was USD 1.1 billion, although that number was down from USD 3 billion when the year began. The kyat, too, closed out 2019 at its highest value of the year: 1479 kyat to one US dollar.

**New liquor import law brewing**

Foreign liquor may soon be legally imported. A draft of a law that will allow for the legitimate import of hard liquor has been written and submitted before the attorney general for approval, according to the Myanmar Times.

Importing popular foreign brands like Absolut Vodka and Johnnie Walker for Myanmar store shelves would be a lengthy (and probably expensive) process requiring approval from the General Administration Department, the Ministry of Home Affairs and a new Excise Policy Committee. However, it could be the first step in legitimizing a massive grey market industry that has thrived since 1995, when the military regime banned imported liquor out-right. Hotels and airport duty free shops have been the notable exceptions to this ban, and have in turn supplied foreign liquor under-the-table to smaller dealers.

Wine imports were legalized in 2015, however beer remains on the banned imports list. Yet foreign brewers, including Carlsberg, Tuborg, Kirin, Heineken and, most recently, Thai beer giant Chang have managed to set up operations within Myanmar itself. Imported spirits, however, would be more likely to affect the night life and fine dining industries rather than over-the-counter liquor sales, as imported drinks would be vastly more expensive than locally-made offerings, large bottles of which can be purchased at practically any convenience store for only a few thousand kyat.

**Korean power project comes amid desperate supply gaps**

A South Korean company will build a new 40 megawatt power plant in Bago, the company said, becoming the latest foreign firm to answer Myanmar's desperate call for new power projects.

The firm, MCM Power Company, will invest USD 35 million in a new gas-fired power plant as well as distribution

TIR

infrastructure in Pyay Township, Bago Region, according to the Directorate of Investment and Company Administration (DICA). When it opens in April, 2020, the plant will begin with 40 megawatts of generating capacity, but may eventually increase to 80 megawatts, said Finnish manufacturer Wärtsilä, which is supplying engines for the project.

The project comes amid a scramble for new power generation. Myanmar has always endured a seasonal power shortage during its dry months, when demand for electricity is highest and Myanmar's rivers (which generate more than half of Myanmar's power via hydroelectric dams) are at their lowest levels. The city of Yangon could not meet the demand for power last spring and was forced to impose rolling blackouts. This summer, the Ministry of Electricity and Energy doled out five emergency tenders worth a total of USD 500 million to create 900 megawatts of new installed capacity. Four of these tenders were awarded to Hong Kong-listed V Power Group.

In the long term, the government aims to provide 100 percent of its population power by 2030, a goal that will re-quire an investment of USD 20-30 billion. Currently, only around 60 percent of Myanmar households are connected to the national grid.

**Japanese beer giant struggling**

Japanese beverage giant Kirin has said it will conduct a "further examination" of its Myanmar presence after its Tatmadaw ties threatened an unrelated deal in the United States. The affair could show that things are heating up for international investors who choose to do business with the United Nations-maligned military.

The controversy began last month as Kirin was finalized a deal to buy employee-owned American brewer New Belgium. Two American-based organizations representing refugees from Myanmar penned an open letter urging New Belgium employees to reject the deal because of Kirin's stake in Myanmar's dominant beverage company, Myanmar Brewery, which it shares with the Tatmadaw-owned Union of Myanmar Economic Holdings. In August, the United Nations called for a boycott of all military linked business, claiming that dealing with the Tatmadaw directly financed ongoing human rights abuses against Rohingya Muslims settled on the western border. Indeed, Myanmar Brewery made three donations of USD 30,000 to the military at the height of the 2017 "clearance operations" that the UN has now labeled genocide.

Kirin has not heeded the UN boycott recommendation. However, the New Belgium deal came just as Myanmar returned to the global media spotlight as State Counsellor Aung San Suu Kyi defended the country before the Inter-national Court of Justice against charges of genocide. Kirin's partnership with the Tatmadaw proved to be an ungainly footnote to the otherwise successful deal.

"We are aware of the difficulties in operating our business in a frontier market and we are continuing to make efforts to deepen our understanding and improve our system," the company said.

**Solar powers up with potential new contracts**

Amid a push for new power sources, the Ministry of Electricity and Energy (MOEE) has announced talks with two companies for potential solar contracts. According to a press release, MOEE officials met with executives from Victory Radiance Trading Co Ltd., a Myanmar-registered company, and Chinese firm Power China Company. They discussed new solar policies, the role of solar in Myanmar's planned energy mix and a proposed solar power generation project in Magway Region.

Although solar has made relatively little headway in Myanmar's power sector development, the talks could indicate that the MOEE is warming up to the renewable source. Hydro power currently accounts for more than 60 percent of Myanmar's power, and the country will turn to liquid natural gas as its secondary power source as the government works towards total nationwide electrification by 2030. However, some industry experts predict that solar may gain momentum in coming decades. According to this year's Solar Power Europe Emerging Markets Task Force's Myanmar research report: "Myanmar has incredible potential for solar energy: the

TIR

International Growth Centre has estimated Myanmar's solar potential to be 51.973 TWh (terawatt-hours) annually."

In addition to its value as a clean, renewable power source, solar panel networks can provide electricity to remote communities without access to the national grid. Private solar networks already supply power to many rural populations in Myanmar. Indeed, small solar grids are commonly used to power remote cellular towers, and their operators occasionally donate the excess electricity to local communities as part of their corporate social responsibility activities.

**MOEE OK's another gas fired plant amid LNG push**

A Japanese-backed liquid natural gas (LNG) plant and terminal will be the latest in a series of LNG investments that aim to fill Myanmar's short-term power gaps.

The terminal and 1250-megawatt plant, planned for the Thilawa Special Economic Zone, will be a wide-ranging partnership of Myanmar and Japanese companies. These include MAPCO, Eden Group, Myanmar Edible Oil Indus-trial Public Corporation Limited and Myanmar Agriculture and General Development Public Limited on the Myanmar side, and Marubeni, Sumitomo and Mitsui on the Japan side. Construction will begin this March.

The project is the latest in a series of LNG partnerships and investments and Myanmar seeks to fill its short-term energy gaps. In December Korean firm MCM Power Company announced a new USD 35 million gas-fired power plant planned for Pyay Township, Bago Region. Also in December, an initial deal was finalized to exploit Myanmar's A-6 offshore oil and gas block, paving the way for ASEAN's first ultra-deepwater development. These new LNG plans come in the wake of five emergency LNG supply tenders issued last summer, four of which were awarded to Hong Kong-listed V Power Group.

Although industry experts criticized those tenders as demanding too much in too little time, the Ministry of Electricity and Energy is exploring every possible avenue to fill electricity supply gaps in time for Myanmar's hot season, when demand for power will be at its peak. Although it appears the country will see yet another power shortage (and potential blackouts in Yangon) in 2020, the upcoming LNG projects could go a long way towards ensuring a sustainable power supply in the coming years.

**Source: Thura Swiss News (Issue 397 January 02, 2020** )

## STOCK EXCHANGE (3.1.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 3rd Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,500 | 11,500 | 11,000 | 1,538 | 17,537,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,850 | -50 | -1.28% | 3,900 | 3,900 | 3,850 | 4,067 | 15,676,150 | 38,929,150 | 149,877 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 51 | 418,200 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 790 | 18,170,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,900 | 354 | 1,026,600 | 12,823,224 | 37,187 |


## Market summary

As of 3rd Jan. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 458.22 | -1.89 | -0.41% | 469.54 | 469.54 | 458.22 | 6,800 | 52,827,950 | 5 | 627,449 |

### Index chart




# Market Overview

As of 10:00 am, 3rd Jan. 2020

| MYANPIX | 469.54 ▲ 9.43 |
|---|---|
| Total Volume (shares) | 2,258 |
| Total Value (MMK) | 29 mil |
| Listed Company | 5 |
| Market Cap. (MMK) | 642,953 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,900 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▼ 50 |